## အခန်း(၅)

## “လူအရာများ၏ဆန္ဒအရအုပ်စိုးခြင်း”

## (Consensus Governing)

အဘယ့်ကြောင့် ယေရှုဘုရားသည် အသင်းတော်ဆိုသည့် စကားလုံးကိုသူ၏နောက်လိုက်များက ဖော်ပြရန်ရွေးချယ်သည်ဟုထင်မြင်ပါသနည်း။ ထို “အသင်းတော်” အင်္ဂလိပ်ဘာသာပြန်ဆို ခြင်း၏မူလဂရိအခေါ်အဝေါ် “Ekklesia” မှ လာသည်။ ဓမ္မသစ်ကျမ်းစာ၏ စကားအဆက်အစပ်အပြင်ဖက်တွင် အားကောင်းသည့်နိုင်ငံရေးဆိုင်ရာ အဓိပ္ပါယ်ဆောင် လောကဓာတ်ပညာပွားများဖွယ်စကားလုံး “Ekklesia” မှဆင်းသက်ခဲ့သည်။ သခင်ယေရှုကသူ၏နောက်လိုက်များနှင့် သူတို့၏ စုရုံးခြင်းများကို ဖော်ပြရန်အသုံးပြုဖွယ်ရာရှိသည့်အခြားဂရိစကားလုံးအနက်၊ နိုင်ငံရေးမဟုတ်သော ဘာသာအယူဝါဒဆိုင်ရာ အဓိပ္ပါယ်ပွားစေမှုမှဆင်းလသက်လာသောစကားလုံးလည်းဖြစ်နိုင်ပါသေးသည်။ ကျွန်ုပ်တို့ မြင်နိုင်ဖွယ်တခုသော ဆင်ခြင်သုံးသပ်ချက်မှာသခင်ယေရှုရွေးခဲ့သည့် “Ekklesia” စကားသည်ပေါင် စည်းထားသောအဖွဲ့အစည်းတခုအလား သူ၏နောက်လိုက်များကိုငင်းတို့အားလုံး၏ အကျိုးအလို့ငှါ စီရင်ဆုံးဖြတ်ချက်ချလုပ်ဆောင်ရန် သူအလိုရှိခဲ့သည်။ သခင်ယေရှုသည် အသင်းတော်အုပ်ချုပ်ရန်အတွက် အဘယ့်ကဲ့သို့ ရည်ရွယ်ပါသနည်း။ ခေတ်မီစကားလုံး၏ မှန်ကန်သောအနက်အဓိပ္ပါယ်ကို ပိုမိုအနီးကပ်စပြီးကြည့်ပါက အသင်းတော်တွင်ရှိသည့်အားလုံးသောအရာမှာ ဆုံးရှုံးခဲ့ပါပြီ။

### “ခေတ်မီအသင်းတော်နှင့်ရှေးဟောင်းအသင်းတော်”

(The modern Church and the Ancient Ekklesia)

ဝက်စ်စတာကောလိပ်ပေါင်းချုပ်အဘိဓာန်အသစ်အရ၊ အသင်းတော်ဟူသည့်စကားလုံးကိုအခြားသော ကိစ္စရပ်များထဲတွင် အသုံးပြုနိုင်ရန် ရည်စူး၍ဘုရားသခင်၏လူများ(သို့)ထိုသူတို့ဆုံတွေ့ရန် အထူးပြင်ဆင်ထားသော အဆောက်အဦးကိုငင်း၊ အစည်းအဝေးတခုခုကိုဆိုလိုသည်။ နှိုင်းယှဉ်ကြည့်ပါက ဂရိစကားလုံးဖြစ်သည့် “Ekklesia” သည် ဝတ်ပြုနေရာ (သို့)အဆောက်အဦးတခုကိုမရည်စူးသော်လည်း တွေ့ဆုံခြင်း၊ အစည်းအရုံးစသည်ဖြင့် စုဝေးခြင်းတို့ထက်တော့ သာ၍နီးစပ်ပါသည်။ အကျွန်ုပ်တို့အနေဖြင့် သဘောပေါက်ထားသည့် ဘုရားကျောင်း၏နရိုမူလဂရိအကွဲရာသည် သခင်ယေရှုအသုံးပြုခဲ့သောထက်မြက်သည့်ဦးတည်ချက်ကို ကျွန်တော်တို့ကျရှုံးစေခဲ့လျှင် များစွာချွတ်ခြုံကျစေမည်ဖြစ်သည်။ ဤအချက်တွင် ယနေ့လူအတော်များများက အသင်းတော်နှင့်နိုင်ငံတော်ကိုခွဲခြားတတ်ဖို့များစွာ ရည်သန်နေပါသည်။ လူတွေထိုအသင်းတော်စကားလုံးကိုတွေးတောသောအခါ နောက်ဆုံးတွင် နိုင်ငံရေးနှင့်ဆိုင်သော အစိုးရ(သို့)ပေါလစ်ဗျူရိုခေါ် နိုင်ငံရေးဦးဆောင်အဖွဲ့၊လွှတ်တော်၊အထင်လွှတ်တော်တစ်ခုခု၏ စိတ်နှင့်အတွေးအခေါ်တို့မှ ထိုအရာဖြစ်လာသည်။ ယနေ့ချိန်ထိအချို့က “Ekklesia” ၏အဓိပ္ပာယ်ကိုခံယူလျက်ရှိသည်။

သခင်ယေရှုသက်တော်ထင်ရှားစဉ်တွင် “Ekklesia” ဆိုသည့်စကားလုံးကို နိုင်ငံရေးနှင့်ဆိုင် သောအစုအရုံးတို့၌ ဆုံးဖြတ်ချက်ချမှတ်ရန်၊ ပုံမှန်အစည်းအဝေးဆင့်ဆိုငြခံးကိုရည်ညွှန်းလျှက်ချွန်းချက် မရှိအသုံးပြုသည့်စကားလုံးပင်ဖြစ်ခဲ့သည်။ တေယာအဘိဓာန်ကျမ်းအရ အများပြည်သူတို့နှင့်ဆိုင်သောနေရာတွင် အာဏာပိုင်အဖွဲ့အစည်းက အသေအချာဆွေးနွေးတိုင်ပင်ရန် ရည်ရွယ်ချက်ဖြင့် အစုအရုံးတစ်ခုကိုတက်ရန် ဘိတ်ကြားခြင်းဖြစ်သည် ဟုငင်း၊ဘိုအာအဘိဓာန်ကျမ်းအရ “Ekklesia” ကိုနိုင်ငံရေးရုပ်လုံးဖော်ပုံမှန် စုရုံးခြင်း၏ ညီလာခံအလားဖွင့်ဆိုထားပါသည်။ကော်လင်ဘရောင်း၏အပြည်ပြည်ဆိုင်ရာ ဓမ္မသစ်သီဩဲလော်ဂျီအဘိဓာန်ကျမ်းတွင် “Ekklesia” ကို နိုင်ငံရေးအရသိ မြင်နိုင်သောအကြောင်းအရာတခုအဖြစ် ထူးခြားထင်ရှားစွာရှိခြင်းကိုငင်း၊ လက်ရှိတရားဥပဒေဘောင်ထဲ မှာအသေအချာဖွဲ့စည်းမှုတခုဟု ထပ်ခါတလဲလဲဖော်ပြပါရှိပါသည်။ “Ekklesia” ဆိုသည့်စကားရပ်သည် ဒီမိုကရေစီဖွဲ့စည်းပုံလမ်းကြောင်းအတိုင်း ပြုမူဆောင်ရွက်လျှက် တရားဥပဒေအရဆုံးဖြတ်၍ နိုင်ငံရေးဆိုင်ရာအခြေခံမူဝါဒနှင့်အညီအစုရုံးတခု၊ နိုင်ငံသားပြည့်မီသူများ၏ညီလာခံဖြစ်ခဲ့ပြီး ပိုလစ် ညီလာခံရည်ညွှန်းကိုးကားကာ အမြဲတမ်းလက်ရှိထားသည့်ဂရိနှင့်ငင်းတို့နှင့်ဆိုင်သော ဇရိယာများအားဖြင့် ဤစကားရပ်ကို တွေ့ရှိရသည်။လောကီပညာရပ်ဆိုင်ရာ “Ekklesia” တွင် အမျိုးသားနိုင်ငံသားတိုင်း၌ဆွေးနွေးစရာအကြောင်းအရာများတင်ပြခွင့်နှင့်ပြောရေးဆိုခွင့်ရှိသည်(ဂရိလောကီပညာ “Ekklesia” တွင် အမျိုးသမီးများပြောရေးဆိုခွင့်မပြုကြပါ။) ဤလောကီပညာသည်များသည် တမန်တော်ဝတ္ထု ၁၉း၂၃–၄၁ ကိုလည်းပဲ သမ္မာကျမ်းစာအုပ်တွင် ကွက်ဤပုံဖော်သုံးနှုန်းထားနိုင်ပါသည်။ ဤ တမန်တော်၊၁၉ တွင် “Ekklesia” ၏ ဖြစ်ရပ်ကို “အစုအရုံး” တရားဝင်အဖွဲ့အစည်းနှင့် ညီလာခံဟူဤ ၁၉း၃၂၊၃၉၊၄၁ တွင် ဘာသာပြန်ဆိုထားခဲ့ပါသည်။ မြို့ပေါ်ရှိဇာတ်ရုံတွင် ဒေမေတရိခေါ် လက်မှုပညာသည် အုပ်စုသည်ရှင်ပေါလုအပေါ်ဘယ်ကဲ့သို့ဆုံးဖြတ်မည်၊ ဆိုရာ၌လူအများတို့သည် စိတ်ရှုပ်ထွေးလျှက် အများစုအားဖြင့် အဘယ်ကဲ့သို့ ဆင့်ဆိုရမှန်းမသိဖြစ်ခြင်းကို ရည်ညွှန်းခဲ့သည်။ ဤအရာအားဖြင့် “Ekklesia” သည် ပုံမှန်စုရုံး သောနိုင်ငံရေးရုပ်လုံးတခုကို ရည်ညွှန်းအသုံးပြုသည့်နမူနာတခုဖြစ်သည်။ (ဤအမှု၌ငွေထည်လက်မှုပညာသည်တို့နှင့် တော်စပ်သည့်ကုန်သည်များဖြစ်ကြသည်။) သူတို့၏စီးပွားရေးဆုံးရှုံးမှုနှင့်ထင်ပေါ်ကျော်ကြားခြင်းပျက်ဆီးမှုတခုအကြောင်းကြောင့် မည်သို့ဆုံးဖြတ်လုပ်ဆောင်ရမည်ကို (စုပေါင်းကုန်သွယ်မှု၏အမျိုးအစားတခုအားဖြင့်) အစည်း

အဝေးဆင့်ခေါ်ခဲ့ခြင်းဖြစ်သည်။ သူတို့သည် ပေါလုအပေါ်သူတို့၏တရားစွဲဆိုခွင့်ကျော်လွန်သည်ထိရှင်းထုတ်စပ်ရန် အလိုရှိကြသည်။ ထို့ကြောင့် မြို့စားရေးတော်သည် ထိုအကြောင်းကြောင့်(စုပေါင်းကုန်သွယ်မှုနှင့်ဆိုင်သော "Ekklesia" တွင် အခြေပြုဖြေရှင်းရန်ထက်) တရားဥပဒေဆိုင်ရာ "Ekklesia" အရာ၌ ပို၍ကြဲဆခဲ့သည်ဟု တမန်တော်၊ ၁၉း၃၇-၃၉ တွင် ဆိုထားပါသည်။

## "သခင်ယေရှု၏အသုံးတော်ခံ"အသင်းတော် (Jesus' use of Ekklesia)

ယေရှုသည် အဘယ့်ကြောင့် ဤအရာအားလုံးကိုအလင်းထဲ၌အမှုပြုခဲ့ပါသနည်း။ (မသာဲ၊ ၁၆း၁၃-၂၀၊ ၁၈း၁၅-၂၀) သခင်ဘုရား၏လူများနှင့်သူတို့၏အစည်းအဝေးကို Ekklesia ဟူသော စာလုံးဖြင့်ရေးသားရန် နိုင်ငံရေးအားဖြင့် ဝန်ထုတ်တခုအလားရွေးချယ်ကြသည်။ ခရစ်ယာန်တို့၏ အစည်းအဝေးအတွက် ဂရိမြို့ပြနိုင်ငံတော်၏ နိုင်ငံသားများ အစည်းအဝေးများနှင့်တော်အတန်တူလာစေရန် သူသည်ပိုင်းခြား၍သိသိသာသာရည်ရွယ်ခဲ့သည်။ ယုံကြည်သူများတင်ပြသည့် အကြောင်းအရာများ၊ ညှိနှိုင်းဆွေးနွေးခြင်း၊ ကိစ္စရပ်မျာအတူတကွဆုံးဖြတ်ခြင်း၊ ဆက်သွယ်ဆုံးဖြတ်ချက်ပြုခြင်း၊ အယူအဆနှင့် ပတ်သက်၍သဘောတူညီချက်ဖြစ်စဉ်အတွေ့အကြုံအတွက် သခင်ယေရှုစံနမူနာပြုခဲ့သည်။ သခင်ယေရှုအနေဖြင့် စုရုံးခြင်း၌ "Sunagoge, Thiasos" နှင့် "eranos" စသည်ဖြင့်လည်း "Ekklesia" အပြင်အသုံးပြုနိုင်ပါသေးသည်။ မည်သို့ဖြစ်စေ၊ သခင်ယေရှုအနေဖြင့် "Ekklesia" ကိုသာအထင်အရှားရွေးချယ်ခဲ့သည်။ ဘုရားသခင်၏လူများသည်အာဏာဖြင့်ရယူသော ဆုံးဖြတ်ချက်အမိန့်တစုံတခုရှိခဲ့ကြသည်။ အသင်းတော်တပါးသည် အာဏာအပ်နှင်းခံရသောနိုင်ငံသားများနိုင်ငံတော်၏ အခြေခံကျကျရုပ်လုံးတခုဖြစ်သည် (မျှော်လင့်ခြင်းနှင့်) ချိန်တွယ်မှတ်သားဆုံးဖြတ်ချက်ပြုရန်နှင့် စီရင်ချက်လွှားရန်ဖြစ်သည်။ မည်သို့ဆိုစေ၊ အစည်းအဝေးတိုင်း၌ဆုံးဖြတ်ချက် ချမှတ်နိုင်လိမ့်မည်မဟုတ်ပါ (ထိုအခါမျိုး၌အမြဲပြန် လည်ဖြေရှင်းရန်မဟုတ်ပါလား) နားလည်ရသည့်အချက်တခုမှာ ထိုအသင်းတော်အဖွဲ့အစည်း၌ အာဏာနှင့်တာဝန်ရှိခြင်းအရာများကိုချမှတ်ပေးရန်အရေးကြီးသည်။ အသင်းတော်အစည်းအဝေးတိုင်း၌ သွန်သင်မှုနှင့်ချီးမွမ်းတေးဂီတတခုတည်းအပေါ်အာရုံစိုက်ပြီး ပြဿနာများကိုင်တွယ်ဖြေရှင်းသည့် အဖွဲ့အစည်းဘယ်အခါမျှမဖြစ်ပဲ အားနည်းချက်ကို ဖြည့်ဆည်းကာ သူတို့၌ပြည့်ဝသောရည်ရွယ်ချက်ရှိသည့် အသင်းတော် "Ekklesia" တခုအဖြစ်ရပ်တည်လည်မည်ဖြစ်သည်။

ဤအရာများသည် ဓမ္မသစ်ကျမ်းစာထဲတွင် ဘုရားသခင်၏လူများခန္ဓာကိုယ်တခုလိုရပ်တည် ဆုံးဖြတ်ချက်များပြုလုပ်ခြင်း ပုံပမာများစွာရှိပါသည်။ သခင်ယေရှုမျှော်လင့်ခဲ့သည့် ထိုဆုံးဖြတ်ချက် ပြုခြင်းအသင်းတော်မျိုးကိုရှင်မသာဲ၊ ၁၆း၁၃-၂၀ ထဲ၌တွေ့ရသည်။ ရှင်ပေတရု၏ဝန်ချတောင်းပန်မှုကို အမှတ်ပေးသည့်အနေဖြင့် ဤကျောက်ပေါ်မှာသူ့၏အသင်းတော်ကို တည်ရန်ကတိတော်ရှိသည့်နောက်တွင် ချက်ချင်းမိန့်တော်မူသည်မှာ ကောင်းကင်နိုင်ငံတော်၏စည်းနှောင်ခြင်းနှင့် ဖြေလွှတ်ခြင်းသော့ချက်များဖြစ်သည်။ ယင်းသော့များအားဖြင့်တစုံတခုကိုဖွင့်ခြင်း၊ ပိတ်ခြင်းစွမ်းရည်ကိုယ်စားပြုသည်။ နိုင်ငံတော်သည်နိုင်ငံရေးအခေါ်အဝေါ်ဖြစ်ပြီး စည်းနှောင်ခြင်းဆုံးရှုံးခြင်း၌အခွင့် အာဏာနှင့် ဆုံးဖြတ်ချက်ချမှတ်ရန်တို့ပါဝင်သည်။ ရှင်မသာဲ ၁၈း၁၅-၂၀ အားဖြင့်(၁၈း၁၇)တွင် ယေရှုမိန့်တော်မူသည့် ထိုအသင်းတော်တွင် ညီအစ်ကို တယောက်အပြစ်ရှိကြောင်းတဖတ်ထွက်ဆို ခြင်း၌စည်းနှောင်ခြင်းနှင့်ဖြေလွှတ်ခြင်းပြုပိုင်ခွင့်အသင်းတော်အပေါ်မှာအပ်နှင်းထားသော စီရင်ချက် ဆုလက်ဆောင်ကို စောင့်ထိန်းရန် တာဝန်ရှိသည်။

တမန်တော်ဝတ္ထု ၁း၁၅-၂၆တွင် ရှင်ပေတရုသည် ယေရှုဆလင်အသင်းတော်တခုလုံးတွင် ယုဒလူမျိုးအတွက် တွေ့ရှိချက်နှင့်အတူ အစားထိုးမှုတခုအဖြစ်စွပ်စွဲခဲ့သည်။

တမန်တော် ၁၄း၂၃တွင်(မပြောပလောက်သည့်ဘာသာပြန်ဆိုမှု) ထိုအရာကိုရည်ညွှန်း၍အချို့ အသင်းတော်များသည် ၎င်းတို့၏အသင်းတော်လူကြီးများကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

တမန်တော်၊ ၁၅း၁-၄ တွင် အန္တိအုတ်အသင်းတော်မှ ခုံရုံးဖွဲ့စီရင်ဆုံးဖြတ်ခြင်းအတွက် ယေရှုဆလင်မြို့သို့ စေလွှတ်ရန်ဆုံးဖြတ်ခဲ့ကြသည်။ ထို့နောက်ယေရှုဆလင်ရှိအသင်းတော်တရပ်လုံး သူတို့အထဲတွင်ဖြစ်ပျက်နေသည့် ပဋိပက္ခအပေါ် ပြန်လည်ဖြေရှင်းမှုပြုခဲ့ကြသည်။(၁၅း၄၊ ၁၂း၂၂)။

နောက်ဆုံးမှာတော့ ၁ကော၊ ၁၄း၂၆-၃၀တွင် ရှင်ပေါလုကဆက်လက်၍အားလုံးသောအသင်း ဘုံအလယ်မှာ ဤသို့ပြောဆိုခဲ့သည်။ ဖရောဖက်နှင့်ဆိုင်သော ဖွင့်ပြချက်အပေါ်ရပ်တည်၍ ရှင်းလင်းသည့်စီရင်ချက်အားဖြင့် ကျော်လွှားနိုင်ရန် ဖြစ်သည်ဟု(၁၄း၂၃)တွင် ဆိုထားပါသည်။

အသင်းတော်၌ထိုမှတ်သားဖွယ်အရေးကြီးသည့်အချက်မှာ ဆုံးဖြတ်ချက်ချမှတ်ရန် အတန်းအစားထဲမှ ဥပဒေပြုသဘောထက်တရားစီရင်ခြင်းကိုသာ၍ ပြသင့်သည်ဟုဆိုလိုသည်။ အသင်းတော်လုပ်ငန်းဆောင်တာအတွက် ပညတ်ချက်မလိုအပ်ပါ။ ဘုရားသခင်အဖို့အလို့ငှါ ထိုအရာကို မှန်ကန်စွာပြုနိုင်သည်။ ဤအချက်၌ ဂရိမြို့ပြနိုင်ငံများ၏ အသင်းတော်မှ ဘုရားသခင်၏လူတို့အသင်းတော် "Ekklesia" တွင်လုပ်ငန်းဆောင်ရွက်မှုတွင် ကွဲပြားခြားနားမှု အချက်တခုဖြစ်သည်။ ယုံကြည်သူအဖြစ် ခရစ်တော်၏အသင်းတော်ထဲတွင် ရှိအကျွန်ုပ်တို့ဝန်တာအရာသည် တရားသစ်ပဋိညာဉ်ထဲ

အပါအဝင် ခရစ်တော်၏ပညတ်တော်ကိုလိုက်နာဆောင်ရွက်စေရန်နှင့် မှန်ကန်စွာအသုံးပြုရန်ဖြစ်သည်။ အသင်းသားများသည် နိုင်ငံသားနိုင်ငံတော်တရားသူကြီးများကဲ့သို့ဖြစ်ကြသည်။သူတို့သည် သေချာစွာစဉ်စား ၍ပြောဆိုဆုံးဖြတ်မှတ်တမ်းပြုရန် အတူအတကွတွေ့ဆုံကြသည်။ အပြန်အလှန်သဘောအားဖြင့်ပေးသောစီရင်ချက်ဖြစ်သည်။(အလိုရှိသောအခါ) ဤပုံစံသည် အိမ်အသင်းတော်တခုအတွင်းကောင်းစွာ သည်းခံနိုင်သောအစိုးရ၏လုပ်ငန်းများဖြစ်ပြီး သူတို့၏သဘောထားကွဲလွဲမှုများထဲမှ အလုပ်လုပ်ရန် လုံလောက်သောမေတ္တာဖြင့်တဦးကိုတဦးချစ်ခြင်းဖြစ်သည်။ ဤနည်းလမ်းအားဖြင့် အသင်းတော်ရပ်တည်ချက်ပိုမိုကြီးမားသောလူမှုအဖွဲ့အစည်းတရပ်စီမံဆောင်ရွက်ရန်ဖြစ်နိုင်ခြေမရှိသော သဘောသက်ဝင်ပါသည်။

## **“လျှောက်ထားခြင်း”** (Application)

ဓမ္မသစ်ကျမ်းထဲတွင် ပါဝင်သည့်ဆုံးဖြတ်ချက်ချမှတ်ခြင်းကို အသင်းတော်စကားလုံး၏ ပြဿနာဖြစ်ရပ်ဆန်းများအားလုံးမဟုတ်ဘူးဆိုတာအမှန်ပါပဲ။ ဓမ္မသစ်ကျမ်းတွင် "Ekklesia" စကား၌အမှန်တကယ် နည်းလမ်းခြောက်သွယ်ဖြင့် ကွဲပြားအသုံးပြုခဲ့သည်။ ဤသို့အများအားဖြင့် အခြေခံကျသောအသုံးပြုနည်းတိုင်အောင် လူများ၏စုရုံးမှုအဖွဲ့တဖွဲ့၏ ရည်ရွယ်ချက်အတွက်ဆုံးဖြတ်ချက်ပြုလုပ်ခြင်းဖြစ်သည်။ ဤအသိစိတ်အာစုံကြောင့် အသင်းတော်သည် ဘုရားသခင်၏လူများအတူတကွ လာရောက်ခြင်းမျှသာမဟုတ်ပါ။ ထို့ထက် ဘုရားသခင်၏လူမျိုးအတူတကွ လာရောက်သောအခါ အဘယ်ကဲ့သို့ဖြစ်ပျက်သည်ဆိုသည့် အချက်ဖြစ်သည်။ သခင်ဘုရား၏ခွင့်ပြုချက်အတိုင်း အသင်းတော်၌ကျမ်းစာ၏ မှန်ကန်သောလျှောက်ထားချက်နှင့်ခရစ်တော်၏ပညတ်တော်ကို လိုက်နာဆောင်ရွက်စေရန် မျော်လင့်ချက် (ဘုရားသခင်၏ မိသားစုအတွင်း) ကောင်းသောဆက်ဆံရေးကိုသူတို့၌ ဖြစ်ထွန်းလာရန်ဆုံးဖြတ်ချက်ပြုလုပ်ရန်ဖြစ်သည်။ ဤအရာသည် အသင်းတော် အစည်းအဝေးတွင်ပါဝင်ဆောင်ရွက်လျှက် ဖွင့်ဟပေးထားခြင်းထဲက မည်ကဲ့သို့ဖြစ်ပွားရန် ရှိသည့်ဆိုသည့်အစိတ်အပိုင်းတခုဖြစ်သည်။ ပြဿနာများကို ကော်ဇောအောက်မှာလွဲပစ်၍မရနိုင်ပါ။ မှန်ကန်သော ဆက်သွယ်မှုအားဖြင့်ပေးခွန်းကို ဖြေရှင်းရမည်။ အပတ်စဉ်တိုင်း(သို့)ထိုထက်ပို၍ ဖြေရှင်းရန်ဖော်ပြနိုင်မည်မဟုတ်သည်မှန်စေတော့၊ ဘုရားသခင်၏ လူတို့သည် အသင်းတော်တပါးအဖြင့်လုပ်ငန်းလုပ်ဆောင်ရန် လိုအပ်မှုရှိသောအခါ သူတို့၌တာဝန်သိစိတ်သည်အမြဲတမ်းဖြစ်ပေါ်ရမည်။

လူသားများအဖွဲ့အစည်းတခုကဲ့သို့ အသင်းတော်၌ပိရမစ်ပုံစံအာဏာကို ထိပ်ဆုံးမှာလူတဦး၊ တစုလက်ထဲစုထားခြင်းမျိုးဖြင့် ဥပမာပေး၍မရပါ။ ထိုနည်းတူ ဆုံးဖြတ်ချက်တခုကိုလည်း မမြင်ကွယ်ရာမှ ပြုပြီးအပေါ်စီးမှ အသင်းတော်အတွက် လိုက်လျှောက်ရန်ချမပြနိုင်။ အသင်းတော်သည် လွှတ်တော်(သို့) အထက်လွှတ်တော်နှင့်ပို၍တူပါသည်။ သေချာစဉ်စားတွေးတောမှုအပေါ်မှာ ဆုံးဖြတ်မည်။ ညီလာခံတရပ်၌ထုတ်ဖော်မည်။ အသင်းတော်ခေါင်းဆောင်များသည် ဤတိုးတက်မှုဖြစ်စဉ် အတိုင်းလွယ်ကူစေရန် အသင်းတော်ကိုပြုစုရန်နှင့်အကြံဉာဏ်ပေးသွန်သင်မှုလိုအပ်ချက်ကိုပါ ထောက်ပံ့ပေးပါ။ သို့သော် အသင်းတော်၏သခင်နေရာမှာမနေပါနှင့်။

ဒေသန္တရအသင်းတော်တွင် ကန့်သတ်ချက်များရှိပါသည်။ အသင်းတော်ခန္ဓာကိုယ်ဆုံးဖြတ်ချက် တခုပြုလုပ်ခြင်းအားဖြင့် ဆုံးဖြတ်သင့်သည်။ သေချာသည့်ခေါင်းစည်းတခုကို ဘောင်အပြင်မှာထားခြင်း၊ ကန့်သတ်ချက်အပြင်မှာထားခြင်း၊ ဒီမှားယွင်းသော အတန်းအစားများဖြစ်သည်။ နမူနာပြရလျှင် ဒေသန္တရအသင်းတော်၌ ခရစ်တော်တို့၏သမိုင်းကြောင်းဆိုင်ရာ ယုံကြည်ခြင်းကို ပြန်လည်ရှင်းပြရန် လိုင်စင်မရှိပါ။ အချို့ကိစ္စရပ်များတွင် စကားအချေအတင်အတွက် လွယ်တင့်တကူဖွင့်မပေးသင့်ပါ။ လူအများက လကခံထားသည့်ဘောင်အတွင်းမှ အသင်းတော်ကိုပြုလုပ်ရန်ဖြစ်သည်။ အသင်းတော်လူကြီးများသည် ဘေးအန္တရာယ်ရှိသော မှားယွင်းသည့်အယူအဆများ၏ စဉ်းစားတွေးတောမှုဘောင်အပြင်ဖက်မှာ အုပ်စိုးကြသည်ကို (၁တိ၊ ၁း၃)တွင် ဖော်ပြထားသည်။ ယနေ့ ဤကဲ့သို့အသင်းတော်ကြီးတွေမှာအချိန်ကာဖြတ်သန်းစေခဲ့ကြပြီ။ သံသယကင်းသောအခြေခံ အရေးပါသည့်အကြောင်းတရားအပေါ်မှာ ကျမ်းစာ၏အနက်ပြန်ခြင်းအယူအဆနှင့်ပတ်သတ်၍ အများသဘောတူညီမှုရှိပြီးဖြစ်သည့် (အလားတူ သမ္မာကျမ်းစာတွင် ရေးသားဖော်ပြထားသော သတင်းကောင်းအကြောင်း သုံးပါးတဆူဖြစ်ခြင်း၊ သခင်ယေရှု၏ရုပရုပ်ခန္ဓာနှင့်တဖန်ကြွလာခြင်းအကြောင်းစသဖြင့်) တွေ့ရှိရသည်။

## **“လူအများ၏ဆန္ဒ(သို့) အများစုအုပ်ချုပ်မှု”** (Consensus or Majority Role)

သူတို့၏သဘောကွဲလွဲမှုနှင့်အဖွဲ့ဝင်များစွဲများခွဲသည့်ကိစ္စအပေါ်မှာ တိုးမြင့်၍ထုတ်ပြန်ခြင်းသည် အသင်းတော်တွင်အစုအရုံးအဖြစ် တမင်ရည်ရွယ်ချက်ကြောင့်ဖြစ်သည်။ ဆုံးဖြတ်ချက်ကို လူအများ၏ဆန္ဒ(ဝါ) အများစု၏ဆန္ဒမဲအားဖြင့်ပြုသလော။ ပထမတွေးရမှာက ထိုအမြင်နှစ်မျိုးက မည်သို့အဓိပ္ပါယ်ပေါက်စေကြသနည်း။ တွေ့ရှိရသည်။

Consensus စကားလုံးသည် အထွေထွေသဘောတူညီမှု ကိုယ်စားလှယ်ဖြစ်ခြင်းလမ်းကြောင်း (သို့) ထင်မြင်ချက်ကိုဆိုလိုသည်။ ၎င်းသည် Consent (သို့) consensual နှင့် တော်စပ်မှုရှိသည်။ နှိုင်းယှဉ်လျှင် အများစုအုပ်ချုပ်မှု

အတွက် ၅၁% မဲလိုသော်လည်း အာဏာရှင်ဖြစ်ရန်ဆန္ဒမဲ ၄၉% ရရှိသူသည် သဘောမတူလည်းရသည်။ စည်းလုံးမှုကို သေချာပေါက်ဆန့်ကျင်သည်အလုပ်ဖြစ်သည်။ မည်သို့ဖြစ်စေ Consensus ကတော့ စည်းလုံးမှုကို တည်ဆောက်ရန် အားခဲနေသည်။ ဘုရားသခင်က သူ့၏အသင်းတော်တွင် အများစုအုပ်ချုပ်ရေး(သို့) လူအများ၏ဆန္ဒပေါ်မှာပဲ အခြေခံပြီး ဆုံးဖြတ်ချက်ပေးလိမ့်မည်လော။ သမ္မာကျမ်းစာ၏ပြဋ္ဌါန်းချက်အရ ဆင်ခြင်လိုက်လျှောက်လျှက် သင်နှင့်ကျွန်တော်အားဖြင့် အများ၏ဆန္ဒတခုအရောက်၊ ထွက်ပေါ်လာသည့်ဤအရာပေါ်မှာ ညီအစ်ကိုတို့သည် သဘောတူလျှက် ပေါင်းဘော်ကြသည့် အရာမှာ အလွန်ကောင်းပေ၏(ဆာ၊ ၁၃၃း၁)ဟူ ၍ ဖြစ်ပါသည်။

ညီအစ်ကိုတို့ သင်တို့ရှိသမျှသည် စကားတညီတညွတ်တည်းဖြစ်၍အချင်းချင်းမကွဲမပြားပဲ စိတ်သဘောတသံ တမတ်တည်းရှိသည်နှင့် ဇွဲစပ်စုံလင်ကြမည်အကြောင်း ငါ့တို့သခင်ယေရှုခရစ်၏ နာမကိုအမှီပြု၍ သင်တို့ကိုငါနှိုးဆော် တောင်းပန်ပါ၏(၁ကော၊ ၁း၁၀)။

သင်တို့သည်... ဘုရားသခင်၏အိမ်တော်သားလည်းဖြစ်ကြ၏။ အဘယ်သို့နည်းဟူမူကား တမန်တော်တို့မှစ၍ တည်ဆောက်လျှက်ရှိကြ၏ထိုတိုက်ထောင့်အမြစ်ကျောက်ကား ယေရှုခရစ်ဖြစ်သတည်း။ ထိုအကျောက်နှင့်တတိုက်လုံးသည် ဇွဲစပ်ကြီးပွားသဖြင့် သခင်ဘုရားအဖို့အလို့ငှါ သန့်ရှင်းသောဗိမာန်တော်ဖြစ်၏။ ဗိမာန်တော်၌လည်း ဘုရားသခင်သည် ဝိညာဉ်တော်အားဖြင့် ကျိန်းဝပ်တော်မူဖြင်းအလို့ငှါ သင်တို့သည် ငါတို့နှင့်အတူတည်ဆောက်လျှက်ရှိကြ၏(ဧဖက်၊ ၂း၁၉–၂၂)။

အသင့်အတင့်ပေါင်းဘော်ခြင်းအဖွဲ့အစည်းအားဖြင့် သင်တို့သည်အချင်းချင်းစိတ်သဘော မခြားမနားတလုံးတဝ တည်း ဖြစ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့။ သင်တို့ကို ခေါ်တော်မူခြင်းနှင့် စပ်ဆိုင်သော မျှော်လင့်ခြင်း တပါးထဲသို့ခေါ်သွင်းတော်မူသည်နှင့်အညီ ကိုယ်တကိုယ်ဝိညာဉ်တဝိညာဉ် တည်းရှိ၏သခင်တပါး၊ ယုံကြည်ခြင်းတပါး၊ ဗတ္တိဇံတပါး၊ ခပ်သိမ်းသောငါတို့၏အဘဖြစ်သော ဘုရားသခင်တဆူတည်းရှိတော်မူ၏ ခပ်သိမ်းသောငါတို့ကို နှံ့ပြားတော်မူ၏။ ခပ်သိမ်းသောငါတို့အထဲ၌လည်း ရှိတော်မူ၏(ဧဖက်၊ ၄း၃–၆)။

ထို့ကြောင့် သင်တို့သည် ဘုရားသခင်ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူကဲ့သို့ သနား စုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ ကိုယူတင်ဝတ်ဆောင်ကြလော့။ တယောက်၌တယောက်အပြစ်တင်စရာအကြောင်းရှိလျှင် အချင်းချင်း သည်းခံ၍အပြစ်ကိုလွှတ်ကြလော့။ ခရစ်တော်သည် သင်တို့အပြစ်ကို လွှတ်တော်မူသကဲ့သို့ ထိုနည်းတူပြုကြလော့။ စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာကို ထပ်၍ယူတင်ဝတ်ဆောင်ကြလော့။ သင်တို့၏စိတ်နှလုံးအထဲ၌ ခရစ်တော်၏ငြိမ်းသက်ခြင်းအုပ်စိုးစေ။ ထိုသို့အလိုငှါ သင်တို့သည် တစ်လုံးတစ်ကိုယ်တည်း၌ ခေါ်ထားတော်မူခြင်းကိုခံကြသည်ဖြစ်၍ ကျေးဇူးတော်ကိုသိသောစိတ်ရှိ ကြလော့" (ကော၊၃း၁၂–၁၅)။

လူအများ၏ဆန္ဒအရအသင်းတော်အစည်းအဝေးတစ်ရပ်ကျင်းပစဉ်တွင် အဆောက်အဦး၌ဖြစ်စဉ်၏ အများအားဖြင့် ဘာမှဖြစ်ပျက်ခြင်းမရှိပါ။ ထိုကဲ့သို့သခင်ဘုရား၏ မိဿဟာယညစာစားပွဲကျင်းပစဉ်တွင် ၎င်းအစားတစ်ပတ်တာ၏ အလယ်၌ခရီးသွားခြင်းများ၊နေ့လယ်စာကျော်လွန်ခြင်း၊ ရှောင်တခင်ဖုန်းဖြင့်စကားပြောရာတွင်အစွဲထားခြင်း၊ အီးမေးလ် စသဖြင့်မပြုကြပါ။ အပြန်အလှန်အကျိုးပြု အစည်းအဝေးကျင်းပစဉ်တွင် ထိုအရာနှင့်စပ်ဆိုင်၍စဉ်းစားတွေးတောခြင်း အောက်၌ တစ်ခါတစ်ရံ မျိုးမျိုးသောညီအစ်ကိုများနှင့်အထူးသဖြင့် ခေါင်းဆောင်များသည် ကောင်းသောသွန်သင်ခြင်း အားဖြင့် ပါဝင်ခဲ့ကြသည်။ မည်သို့ဖြစ်စေ ညီအစ်ကိုအချင်းချင်း တစ်နေရာအပေါ်တစ်နေရာအများစု၌ တမင်တကာ ပါဝင်ဆင်နွှဲကြလိမ့်မည်။ အသင်းသားများတစ်နေရာမှအခြားနေရာသို့ပါဝင်သည့် အချိန်၌ သဘောတူလုပ်ဆောင်သည့် အရာမှာ စိတ်ရှည်သည်းခံခြင်း၊ နှိမ့်ချခြင်းနှင့်ဂုဏ်သရေရှိမှုများဖြစ်သည်။

## "ဘုရားသခင်၏ထောက်ပံ့မှု" (God'sprovision)

အင်မတန်အရေးကြီးသတိရစရာထိုလူအများဆန္ဒအရ စွမ်းဆောင်ချက်ဖြင့်ကျော်ဖြတ်နေသည့် အသင်းတော်တစ်ခု ၏ဖြစ်စဉ်မှာ မကြာခဏဆိုသလို အလွန်အရေးပါအရာရောက်သည့် လူအများဆန္ဒနှင့်အညီ နောက်ဆုံးတွင် စွမ်းဆောင် နိုင်ခဲ့သည်။ လူများဆန္ဒအရ အုပ်စိုးသည့်အချိန်တွင်အပြန်အလှန် တိုးတက်ကောင်းမွန်သည့်အကျင့်စာရိတ္တ၊ ဆက်ကပ်မှုနှင့် ညီအစ်ကိုချစ်မေတ္တာအများကြီးလိုအပ်နေပါသည်။ ဤအခြေအနေကိုသေးငယ်သည့်အရွယ်အစားရှိသော အိမ်အသင်းတော်၌ ပိုပြင်စွာလုပ်ဆောင်နိုင်ပါသည်။ ကျွန်တော်တို့တစ်ဦးပေါ်တစ်ဦး လုံလောက်သည့်ချစ်မေတ္တာထားရှိကာအချင်းချင်း ချစ်ကြရ မည်။ လူအများစိတ်ဆန္ဒအယူအဆနောက်ကွယ်တွင် စည်းလုံးမှု၊တစ်လုံးတစ်ဝစုစည်းမှု၊ စည်းဝါးကိုက်ညီမှုနှင့် အပြန် အလှန်သဘောတူညီမှုအားဖြင့်သာ အစိုးရနိုင်လိမ့်မည်။ အကျွန်ုပ်တို့ ၏အသင်းတော်များနှင့် အသက်တာထဲမှာ သန့်ရှင်းသောဝိညာဉ်တော်လှုပ်ရှားရန် ကျွန်ုပ်တို့သည် အမှန်တကယ်ကိုးစားကြပါ၏လော။

လူအများဆန္ဒအရအနည်းပါးဆုံးအစိုးတရပြုမှုသည် အင်မတန်စိတ်ကူးယဉ်ဆန်သည်ဟု မှတ်ယူတွေးဆသည့် အရာမှာ သူ၏လူများစည်းလုံးမှုရယူနိုင်ဖို့ သခင်ဘုရားမစရန်ပြုတော်မူပြီးဖြစ်သည်။ "ပထမဦးစွာ အကျွန်ုပ်တို့၏

သခင်ဘုရားကိုယ်တိုင်သူ၏အသင်းတော်အတွက်ဆုတောင်းခဲ့သည်မှာ ကိုယ်တော်နှင့်အကျွန်ုပ်သည် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ ထိုသူတို့၌ဖြစ်ရပါမည်အကြောင်း အကျွန်ုပ်ဆုတောင်းပါ၏ ......... ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျှက်၊ အဘ၊ ကိုယ် တော်သည်အကျွန်ုပ်ကိုစေလွှတ်တော်မူ၍ အကျွန်ုပ်သည်လည်းကိုယ်တော်၌ ရှိတော်မူသကဲ့သို့ .... သူတို့သည်တစ်လုံးတစ်ဝတည်း၌ စုံလင်စေခြင်းငှါဎင်း၊ ကိုယ်တော်သည်အကျွန်ုပ်ကိုစေလွှတ်တော် မူကြောင်းနှင့် အကျွန်ုပ်ကိုချစ်တော်မူသကဲ့သို့ သူတို့ကိုလည်းချစ်တော်မူကောင်းကို လောကီသားတို့အားသိစေခြင်းငှါဎင်း၊ (ရှင်ယောဟန်၊ ၁၇း၁၁၊၂၀–၂၃) ယခုတိုင် သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် ဤသို့ဆုတောင်းပေးခြင်းကြောင့် စည်းလုံးမှုကိုအသေအချာစွမ်းဆောင်နိုင်စေပါမည်။

အခြားထောက်ပံ့မှုတစ်ခုမှာ သခင်ဘုရား၏ညစာသုံးဆောင်ရာ၌ အကျွန်ုပ်တို့၏စည်းလုံးမှုအတွက် ဘုရားသခင်ပြုတော်မူပြီ။ (၁ကော၊၁၀း၁၇)အရ "မုန့်တစ်လုံးတည်းရှိသည်ဖြစ်၍ ငါတို့ရှိသမျှ သည်တစ်လုံးတစ်ဝတည်းဖြစ်သော ထိုမုန့်ကိုဆက်ဆံလျှက်ခံယူကြသောကြောင့် အများသော ငါတို့သည်တစ်လုံးတစ်ကိုယ်တည်းဖြစ်ကြ၏။" သခင်ဘုရား၏ညစာမုန့်တစ်လုံးတည်း၌သင့်တော်စွာ ပါဝင်ဆင်နွဲခြင်းသည် စည်းလုံးမှုအမှတ်လက္ခဏာသာမကပဲ ထိုအရာအမှန်တကယ်ဖန်တီးရယူပိုင်ဆိုင်နိုင်ရမည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် အထက်မှာဖော်ပြခဲ့ပြီးသည့်အတိုင်း ခရစ်တော်သည် အသင်းတော်ကို အမျိုးမျိုးသောအမှုတော်လုပ်ငန်းနှင့်ခေါင်းဆောင်မှု ဆုကျေးဇူးများကို ပေးအပ်ခဲ့ ပါသည်။ (အချို့သည် တမန်တော်အရာ၌၊ ပရောဖက်အရာ၌၊ ဧဝံဂေလိဆရာ၌၊ သင်းအုပ်ဆရာနှင့်ဓမ္မဆရာတို့၌) ဆုကျေးဇူး၏ရည်ရွယ်ချက်မှာ၊ "ငါတို့ရှိသမျှသည်ယုံကြည်ခြင်းသို့ဎင်း၊ ဘုရားသခင်၏သားတော်ကို သိကျွမ်းခြင်းသို့ဎင်း၊ တစ်ညီတစ်ညွတ်တည်းရောက်၍ ခရစ်တော်၏ပြည့်စုံခြင်းပမာ အရပ်တည်းဟူးသော ကြီးရင့်သောလူအဖြစ်သို့ ရောက်ကြသည့်တိုင်အောင်ဖြစ်သတည်း။ (ဧဖက်၊၄း ၁၁–၁၃)ဆင်ခြင်စရာတစ်ခုက၊ခရစ်တော်သည် အချို့သောအသင်းတော်ခေါင်းဆောင်တို့ကို အသင်းတော်၌လူအများ၏ဆန္ဒအရ စွမ်းဆောင်နိုင်ဖို့အလိုငှါဆုကျေးဇူးကိုပေးတော်မူသည်။

## "အသင်းတော်လူကြီးဘာကြောင့်ဖြစ်ရသနည်း" (What about Elders)

လူအများ၏ဆန္ဒအရပေါင်းဆည်းထားသော အသင်းတော်အတွင်းအစိုးတရပြုမှုသူကိုယ်စား လှယ်အသင်းတော်လူကြီးများသည် မည်သည့်နေရာတွင်အဘယ်ကဲ့သို့ လုပ်ဆောင်ကြပါသနည်း။ အချို့သောကျမ်းပိုဒ်တို့၌ ညွှန်ပြထားသည်မှာ အသင်းတော်တစ်ခု၏ အသင်းတော်လူကြီးများအနေဖြင့် ရေရှည်အသက်ရှင်သန်ရန်အရေးပါကြသည်။ သူတို့အနေဖြင့် လမ်းညွှန်းမှု၊ သွေးဆောင်မှု၊ သွန်သင်မှု၊ ကျွေးမွေးမှု၊ အကြံဉာဏ်ပေးမှု၊ ကာကွယ်မှု၊ နွေးထွေးမှု၊ အသိပေး–အကြံပြုမှု၊ ဆုံးမမှုနှင့် တည့်မတ်ပေးမှုများ ကိုအမြဲပြုကြသည်။

အသင်းတော်တစ်ခုလုံးကို အထက်လွှတ်တော်အလားခိုင်းနှိုင်းနိုင်ပါသည်။ အပြန်အလှန်သဘောအားဖြင့်စီရင်ချက်ဆုံးဖြတ်ချက်ချရန်ပြုပိုင်ခွင့်အာဏာသည် အသင်းသားများအပေါ်၌ စည်းနှောင်မှုရှိကြသည်။ အသင်းတော်တစ်ခု၏ Elder သည် အမျိုးသားအထက်လွှတ်တော်အမတ်သာမျှ ဖြစ်သည်။ သို့သော် တစ်စုံတစ်ဦးသည်အထက်လွှတ်တော်၌ အထူးကော်မတီအဝင်ဖြစ်ပြီး သူ့၌သင်ရိုးရန် ရည်ရွယ်ချက်ထုတ်ဖော်ခဲ့လျှင် ချက်ချင်းအကြောင်းကြားသွန်သင်ထောက်ခံချက်များပြုပေးရမည် ဖြစ်သည်။ သာမန်အခြေအနေအားဖြင့် Elder တစ်ဦးက အသင်းတော်ကိုယ်စားပြု ဆုံးဖြတ်ချက်ပေး၍မရနိုင်ပါ။ သူ့အနေဖြင့်အများ၏ဆန္ဒဖြစ်စဉ်တွင် သူများထက်ဦးအောင်စောစောစီးစီးသယ်ထားခြင်းမျိုးအမြဲမလုပ်ရပါ။ Elder အားလုံးသည်(အသင်းတော်)အထက်လွှတ်တော်တစ်ခုလုံးအတွက် အစေခံ–လွှတ်တော်အမတ်များဖြစ်ကြသည်။ မည်သို့ပင်ဆိုစေ တစ်ခါတစ်ရံမှာတော့အထက်လွှတ်တော်အနေဖြင့် မိမိကိုယ်၌ဖြေရှင်းချက် မပေးနိုင်လောက်အောင် ကျပ်စင်ပေါ်သောခတ် အပူတိုက်မှု များတွေ့ကြုံတတ်သည်။ အချို့သောအမှုများတွင် Elder အနေဖြင့်ကြိုတင်၍ဆုံးဖြတ်ပိုင်သော ခုံသမာဓိလူကြီးနေရာ ချည်နှောင်မှုပယ်ရှားပေးသူများနှင့် အချို့ပုံမှန်မဟုတ်သည့် သာဓကများအနေဖြင့် Elder ၏ခေါင်းဆောင်မှုနှင့် အသိပညာအရာ၌သူတို့အားဆန့်ကျင်ခြင်းအမှုကို အပ်နှံရန်ဖြစ်သည်ဟု (ဟေဗြဲ၊၁၃း၁၇)တွင် ဆိုထားပါသည်။

သို့ဖြစ်၍ အဆုံးသတ်အသေးစိတ်ခွဲခြမ်းစိတ်ဖြာလျှင် အသင်းတော်များ၌ *Elder ruled ထက် Elder Led* သည်သာပိုမိုကောင်းမွန်ပါသည်။ *Elder ruled* အသုံးပြုခြင်းအားဖြင့်အသင်းတော်တွင် လူတစ်စု သို့မဟုတ် လူနည်းစု၌တစ်ကိုယ်တော်စိတ်၊ ယုတ္တိမတန်မှု၊ ခေါင်းမာစိတ်၊ ခွဲခြားခွဲခြမ်းနှင့် အပြစ်ကျွန်ခံမှု သို့မဟုတ် မှားယွင်းသော ခံယူချက်ထဲတွင် လိမ်ညာမှုများဖြစ်ပေါ်စေသဖြင့် ဤစနစ်ကို ယာယီတခဏသာအသင်းတော်၌ ထားရမည်။

## "နိဂုံး (conclusion)"

ကျွန်ုပ်တို့အနေဖြင့် ဤကျမ်းပိုဒ်အရအသင်းတော်၏ လွတ်တော်ဘုရင်ခံအုပ်ချုပ်မှုအတွက် အငြင်းပွားရှိပါသလား။ သခင်ယေရှုဟာ အကျွန်ုပ်တို့၏ ရှင်ဘုရင်ပါ။ သူ၏အသင်းတော်မှာတော့ လူအများ၏ဆန္ဒအရ ပါလီမန်လွှတ်တော်ကို အခြေခံသောစနစ်ဖြစ်သည်။ (*Elder* များသည် ကြိုတင် ဆုံးဖြတ် ဖြေလွှတ်သူများအဖြစ်)တွေ့မြင်ရသည်။

***စတိမ်အက္ကါစင်***